# Dermatology and Aesthetic Centre

## Chemical Peeling

## အသားရေ ကြည်လင်တောက်ပအောင် ပြုလုပ်ပေးခြင်း

### Chemical Peeling ဆိုသည်မှာ

အသားအရေ ပိုမိုကောင်းမွန်လာစေရန် အထူးပြုပြင်ထားသော ဆေးရည် (အက်ဆစ်အပျော့စား) ကို အသုံးပြုကာ ကုသခြင်း ဖြစ်ပါသည်။ အရေပြား အပေါ်ယံရှိ ဆဲလ်အသေများကို ဖယ်ရှားပေးရုံမျှမက အရေပြားအတွင်းရှိ ကော်လာဂျင် ထုတ် လုပ်မှုကိုပါ မြင့်မားစေပါသည်။ ရလဒ် အနေဖြင့် ပိုမို ကြည်လင်တောက်ပသော အသားရေကို တွေ့မြင်ရမည် ဖြစ်ပါသည်။

### Chemical Peel ဖြင့်ကုသနိုင်သော အရေပြားပြဿနာများမှာ

- အသက်အရွယ်ကြောင့် အိုမင်းရင့်ရော်လာသော အသားရေ
- နေရောင်ခြည်ဒဏ်ကြောင့် ပျက်စီးနေသော အသားရေ
- အသားရေညစ်နွမ်းခြင်း၊ မညီမညာဖြစ်ခြင်း
- တင်းတိတ်
- ဝက်ခြံနှင့်ဝက်ခြံကြောင့် ဖြစ်သောအမည်းစက်၊ အမာရွတ်များ
- သေးငယ်သော အရေးကြောင်းများ

### Chemical Peel လုပ်ခြင်းဟာ နာကျင်ပါသလား?

Chemical Peel လိမ်းစဉ်တွင် အနည်းငယ်ပူစပ်၍ စပ်ဖျဉ်းဖျဉ်း ခံစားရပါမည်။
သို့သော် ထိုခံစားမှုမှာ မိနစ်အနည်းငယ်မျှသာ ကြာမြင့်မည် ဖြစ်ပါသည်။

### Chemical Peel လုပ်ခြင်းဖြင့် ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲ ဆိုးကျိုးများမှာ

- နာကျင်ခြင်း၊ ပူစပ်ပူလောင်ဖြစ်ခြင်း (ယာယီမျှသာ)
- မျက်နှာနီရဲခြင်း၊ ရောင်ရမ်းခြင်း (ယာယီမျှသာ)
- အသားရောင်ကွက်၍ ညိုမဲခြင်း၊ ကွက်၍ဖြူခြင်း (အသားညိုသူများတွင် အဖြစ်များသည်။)
- အမာရွတ်ထင်ခြင်း
- ရောဂါပိုးဝင်ခြင်း (ရေယုန်ပေါက်ဖူးသူများပြန်ဖြစ်တတ်သည်။)

### Chemical Peel အစား တစ်ခြား ဘာကုသမှုများ ရှိပါသေးလဲ?

Laser Resurfacing, Microdermabrasion, Filler, သွေးရည်ကြည်ကုထုံးများကို အသုံးပြု၍လည်း အသားရေကို ချောမွတ်စေရန်၊ အမာရွတ်များ သက်သာစေရန် ကုသနိုင်ပါသည်။

## Chemical Peel ဖြင့် မကုသခင် ဘာတွေပြင်ဆင်ထားသင့်သလဲ?

- ကုသမှု မတိုင်ခင် (၁) ပတ်ခန့် အလိုတွင် Facial Scrub များသုံးခြင်း မပြုလုပ်ရပါ။
- မျက်နှာမှ အမွေးများကို နှုတ်ခြင်း၊ Waxing လုပ်ခြင်း၊ အမွေးချွတ်ဆေး Cream များလိမ်းခြင်းကို (၁)ပတ်ခန့် ရှောင်ရှားထားရပါမည်။
- ယခင်က နှုတ်ခမ်းတပိုက်တွင် ရေယုန်ပေါက်ဖူးပါက ဆေးကြိုသောက်ခြင်းဖြင့် နောက်တကြိမ် ပြန်မဖြစ်ရန်ကာကွယ်ရပါမည်။
- Retinol ပါဝင်သော လိမ်းဆေးများ (Retin A) ကို (၂)ရက်ခန့် ကြိုတင်၍ ရပ်ထားသင့်ပါသည်။
- Accutane ကဲ့သို့သော ဝက်ခြံအတွက် သောက်ဆေးသောက်သုံးနေပါက Chemical Peel မပြုလုပ်မီ အနည်းဆုံး (၆) လခန့် ကြို၍ ရပ်ထားရန် လိုအပ်ပါသည်။

## Chemical Peel ဖြင့်ကုသမှု ခံယူပြီးနောက် လိုက်နာရမည့် အချက်များမှာ

- ကုသမှုပြီးလျှင်ပြီးချင်း ရေခဲကပ်ပေးခြင်းဖြင့် နာကျင်မှု၊ နီရဲမှုကို သက်သာစေပါသည်။ အစိုဓါတ်ပြည့်ဝသော Moisturizer တမျိုးမျိုးလိမ်းပေးပါ။
- ကုသမှုအပြီး (၇) ရက်အတွင်း နေပူနှင့် တိုက်ရိုက်ထိတွေ့ခြင်းကို ရှောင်ရှားရပါမည်။ SPF 30 နှင့်အထက် နေကာလိမ်းဆေးကို အပြင်မထွက်ခင် နာရီဝက်ခန့် ကြိုတင်လိမ်းကာ နေရောင်ခြည်ဒဏ်မှ ကာကွယ်ပါ။
- ကုသမှုအပြီး (၇)ရက်အတွင်း ရေကူးခြင်းကို ရှောင်ကြဉ်သင့်ပါသည်။
  Chemical Peel ကုသမှုပြီး (၂၄)နာရီအတွင်း Full Coverage Foundation များ၊ Make Up များမလိမ်းသင့်ပါ။
  မဖြစ်မနေ လိမ်းရမည်ဆိုပါက Oil-free Make Up ကိုသာရွေး၍ လိမ်းခြယ်သင့်ပါသည်။ မိတ်ကပ်မလိမ်းခင် မျက်နှာကို အစိုဓါတ်ရစေမည့် Cream တစ်မျိုးမျိုးကို အောက်ခံအဖြစ် အရင်လိမ်းပေးပါ။
  နှုတ်ခမ်းနီများ၊ အိုင်းရှဲဒိုးများကို ယခင်အတိုင်း အသုံးပြုနိုင်ပါသည်။
- AHA/BHA ပါဝင်သော အလှကုန်ပစ္စည်းများ၊ Scrub များကို သုံးစွဲနေပါက Chemical Peel ပြုလုပ်ပြီး (၃)ရက်ကျော်မှသာ ပြန်လည်သုံးစွဲသင့်ပါသည်။ Chemical Peel ပြုလုပ်ပြီး (၁) ပတ်အတွင်း မျက်နှာပေါင်းတင်ခြင်း မပြုလုပ်ပါနှင့်။